# စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
# ပင်စင်ဦးစီးဌာန

## ဝန်ထမ်းနေသာင်ရေးဗဟိုရံပုံငွေ (CPFMIS) ဖွံ့ဖြိုးရေးစီမံကိန်းအတွက် စိတ်ပါဝင်စားမှုအဆိုပြုလွှာခေါ်ဆိုခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနအနေဖြင့် ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလ နောက်ပိုင်းတွင် အကောင်အထည်ဖော်သွားမည့် စီမံကိန်းမျှော်မှန်းကာလ ၁ နှစ်မှ ၃နှစ်ခန့် ရှိမည် ဖြစ်သည့် Central Provident Fund Management Information System (CPFMIS) Development Project နှင့်စပ်လျဉ်း၍ စိတ်ပါဝင်စားသော IT Solution Providers အဖွဲ့အစည်းများမှ စိတ်ပါဝင်စားမှု အဆိုပြုလွှာများတင်သွင်းနိုင်ရေးအတွက် ဖိတ်ကြားချက်ဖြစ်ပါသည်။ Solution Provider အနေဖြင့် CPFMIS၏ လိုအပ်သည့် Solution များနှင့် လုပ်ငန်းတာဝန်များကို ဆောင်ရွက်နိုင်စွမ်း ပိုမိုတိုးတက်စေ ရေးအတွက် တာဝန်ယူရမည် ဖြစ်ပါသည်။

၂။ EOI အဆိုပြုလွှာ (အရည်အချင်းစံနှုန်းသတ်မှတ်ချက်များ (qualification criteria)၊ အဆိုပြုတင်သွင်းလွှာ (Submission Requirement)၊ ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်၏ ရည်ရွယ်ချက်အကျဉ်းချုပ် (Brief objective scope of work) နှင့် အကဲဖြတ်ခြင်းဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ (Evaluation Criteria) အစရှိသည့် အသေးစိတ်အချက်အလက်များ ပါဝင်သောစာရွက်စာတမ်း) ကို www.mopfi.gov.mm နှင့် www.pension.gov.mm ဝက်ဘ်ဆိုက်မှ download ရယူနိုင်ပါသည်။

၃။ EOI အဆိုပြုလွှာကို ၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့၊ ညနေ ၄ နာရီတွင် နောက်ဆုံးတင် သွင်းရမည် ဖြစ်ပါသည်။

၄။ အကြိုအရည်အချင်းစံနှုန်းသတ်မှတ်ချက်များ (Pre-qualification Criteria) နှင့် ပြည့်စုံသော Solution Provider များသည် လိုအပ်သည့် စာရွက်စာတမ်းများနှင့်အတူ လက်မှတ်ရေးထိုးပိုင်ခွင့်ရှိသူမှ လက်မှတ်ရေးထိုးပြီး Seal တံဆိပ်ရိုက်နှိပ်ထားသော Covering Letter ကို အောက်ပါလိပ်စာအတိုင်း လိပ်မူ၍ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၈ ရက်နေ့၊ ညနေ ၄ နာရီမတိုင်မီတွင် အပြီးသတ်တင်ပြရမည် ဖြစ် ပါသည် -


တင်ဒါကော်မတီ (CPFMIS)
ပင်စင်ဦးစီးဌာန
စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန
ရုံးအမှတ်(၃၄)၊နေပြည်တော်၊မြန်မာ
ဖုန်း- ၀၆၇-၃၄၁၀၄၁၇၊ ၀၆၇-၃၄၁၀၆၆၉
Email- itsection.pensionmyanmar@gmail.com

# ဝန်ထမ်းနောင်ရေးဗဟိုရုံပုံငွေ (CPFMIS) ဖွံ့ဖြိုးရေးစီမံကိန်းအတွက် စိတ်ပါဝင်စားမှုအဆိုပြုလွှာခေါ်ဆိုခြင်း

## စိတ်ပါဝင်စားမှုအဆိုပြုလွှာခေါ်ဆိုခြင်း

## CPFMIS အတွက် စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်းများ ရွေးချယ်ခြင်း

ပါဝင်သည့် အကြောင်းအရာများ


၁။ EOI အဆိုပြုလွှာ ခေါ်ယူရခြင်း၏ ပန်းတိုင်များ ၅

(Goals of this request for expressionof interest)

၂။ EOI ထုတ်ပေးပိုင်ခွင့်ရှိသူအတွက် အဆိုပြုလွှာ ၅

(Request for EOI issuing authority)

၃။ ဖြစ်စဉ်များနှင့် စပ်လျဉ်းသည့် အကောင်အထည်ဖော်မှု ပြက္ခဒိန် ၆

(Tentative calendar of events)

၄။ EOI အဆိုပြုလွှာ စာရွက်စာတမ်း ရရှိနိုင်မှု ၇

(Availability of the request for EOI documents)

၅။ Provider များအား တွေ့ဆုံမြေးမြန်းဖြေကြားခြင်း ၇

(Providers’ Conference)

၆။ လျှောက်လွှာ တင်သွင်းရမည့် နေရာနှင့် အချိန်သတ်မှတ်ချက်များ ၈

(Vene & Deadline for submissionof application)

၇။ EOIအတွက် လိုအပ်ချက် ၈

( Need for the Expression of Interest )

၈။ ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ် ၉

(Scope or Work)

၉။ စိတ်ဝင်စားမှုအဆိုပြုလွှာထုတ်ပေးမှု အခြေအနေ ၉

(Conditions under which this request for EOI is issued)

၁၀။ လျှောက်လွှာပါအကြောင်းအရာများ၏ ရပိုင်ခွင့်များ ၁၀

(Rights to the content of the application)

၁၁။ ဝေါဟာရများအား နားလည်းသဘောပေါက်ခြင်း ၁၁

(Acknowledgement of understanding of terms)

၁၂။ အကြိုရွေးချယ်ခြင်းဆိုင်ရာ အရည်အချင်းသတ်မှတ်ချက်များ လျှောက်လွှာအား လေ့လာအကဲဖြတ်ခြင်း ၁၁

(Evaluation of pre qualification application)

၁၃။ လျှောက်လွှာဘာသာစကား ၁၁

(Languate  of application)

၁၄။ အကြိုအရည်အချင်းပြည့်မီမှု စံနှုန်းသတ်မှတ်ချက်များ ၁၁

(Pre–qualification criteria)

၁၅။ လျှောက်လွှာတင်သွင်းရာတွင် ဆောင်ရွက်ရမည့် အချက်အလက်များ ၁၇

(Response requirements)

၁၆။ အကြိုအရည်အချင်းပြည့်မီမှု သတ်မှတ်ချက်များ လျှောက်လွှာ ၁၈

(Pre–qualification requirements application)

## နောက်ဆက်တွဲ– ပုံစံများ

၁။ ပုံစံ(၁) Covering Letter ၂၁

၂။ ပုံစံ(၂ ) အဖွဲ့အစည်း၏ ယေဘုယျ အသေးစိတ်အချက်အလက် ၂၅

၃။ ပုံစံ(၃) အဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်အချက်အလက်များ ၂၇

၄။ ပုံစံ(၄) အဖွဲ့ဝင်များ၏ အသေးစိတ်အချက်အလက် ၂၈

## EOI အဆိုပြုလွှာ ခေါ်ယူရခြင်း၏ ပန်းတိုင်များ (Goals of this request for expression of interest)

၁။ စိတ်ဝင်စားမှုအဆိုပြုလွှာ ခေါ်ယူရခြင်း၏ ရည်ရွယ်ချက်မှာ ၂၀၂၁ခုနှစ်၊ ဇန်နဝါရီလနောက်ပိုင်း ကာလမှစ၍ CPFMIS Solution စတင်ဆောင်ရွက်ခြင်းနှင့် ထိန်းသိမ်းခြင်းအတွက် Solution Provider အဖွဲ့အစည်းရွေးချယ်ခေါ်ယူရေးလုပ်ငန်းစဉ်တွင် ပါဝင်လာနိုင်ရေးအတွက် စိတ်ပါဝင်စားသော Provider များထံမှ လျှောက်လွှာများ ရယူရန် ဖြစ်ပါသည်။ Solution Provider အဖွဲ့အစည်းအနေဖြင့် လက်ရှိ Operator ၏ စာချုပ်သက်တမ်းအလွန် မျှော်မှန်းစီမံကိန်း ကာလ ၁ နှစ်မှ ၃ နှစ်တွင် CPFMIS Project အတွက် Soltion ဆောင်ရွက်ပေးခြင်းနှင့်စပ်လျဉ်း၍ ပင်စင်ဦးစီးဌာနအတွင် တာဝန်ယူဆောင်ရွက်ပေး ရမည် ဖြစ်ပါသည်။ Provider အဖွဲ့အစည်းအနေဖြင့် CPFMIS အတွက် Solution များ ဆောင်ရွက်ပေးရုံ သာမကဘဲ CPFMIS ၏ လိုအပ်သည့် Solutionများနှင့် လုပ်ငန်းတာဝန်များ ဆောင်ရွက်နိုင်စွမ်း ပိုမို တိုးတက်စေရေးအတွက်ပါ တာဝန်ယူဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

၂။ ထို့အပြင် Solution Providers အဖွဲ့အစည်းများသည် CPFMIS အတွက်လိုအပ်ချက်မှန်သမျှ ဖြေရှင်းဝန်ဆောင်မှုပေးရမည့်အပြင် ထပ်မံဖြည့်စွက်၍ CPFMIS ၏ လိုအပ်ချက် Solution များ/ လုပ် ဆောင်နိုင်စွမ်းများကိုပါ တိုးမြှင့်ပေးနိုင်ရန်လည်းတာဝန်ရှိပါသည်။ EOI ခေါ်ဆိုခြင်း၏ ဦးတည် ချက်မှာ interested providers များအတွက် အဆိုပြုလွှာပြင်ဆင်ရာတွင် အထောက်အကူဖြစ်စေနိုင်ရန်အတွက် မျှဝေပေးရန် လိုအပ်သည်ဟု ယူဆရသည့် ဆောင်ရွက်ရမည့် လုပ်ငန်းနယ်ပယ်နှင့် ပတ်သက်သော အချက်အလက်များကို ပံ့ပိုးပေးခြင်းဖြစ်သည်။ EOI အဆိုပြုလွှာခေါ်ယူရခြင်းသည် ဌာနနှင့် စိတ်ပါဝင် စားသော Provider များအကြားတွင် မျှဝေရန် လိုအပ်သည်ဟု ယူဆသော လုပ်ငန်းနယ်ပယ်အသီးသီး၏ အသေးစိတ်အချက်အလက်များကို ဖော်ထုတ်နိုင်ရန် ရည်ရွယ်ပါသည်။

## EOI အဆိုပြုလွှာ ထုတ်ပေးပိုင်ခွင့်ရှိခြင်း (Request for EOI issuing authority)

၃။ EOI အဆိုပြုလွှာကို Solution Provider များ Short-list ရွေးချယ်နိုင်ရန် ရည်ရွယ်၍ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ပင်စင်ဦးစီးဌာနမှ ထုတ်ပေးပါသည်။ ဤ EOI လျှောက်လွှာများဖြင့် Solution Providor များ ရွေးချယ်ဆုံးဖြတ်ရာတွင် တင်ဒါကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ် ဖြစ်စေရမည် ဖြစ်သည်။ တင်ဒါကော်မတီသည် လျှောက်လွှာအချို့ သို့မဟုတ် အားလုံးကို မည်သည့် အကြောင်းပြချက်မျှ မရှိဘဲ ပယ်ချပိုင်ခွင့် ရှိပါသည်။

| စဉ် | အကြောင်းအရာ | အသေးစိတ်ဖော်ပြချက် |
| --- | --- | --- |
| ၁။ | စီမံကိန်းခေါင်းစဉ် | CPFMIS **စီမံကိန်းအတွက်** Solution Provider **ရွေးချယ်ခြင်း** |
| ၂။ | စီမံကိန်းအကောင်အထည်ဖော်မှု ကနဦးအသေးစိတ်အချက်အလက်များ | |
| | ဌာန | ပင်စင်ဦးစီးဌာန |
| | ဆက်သွယ်ရန်ပုဂ္ဂိုလ် | ညွှန်ကြားရေးမှူးချုပ်<br>ပင်စင်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန<br>ဖုန်း- ၀၆၇-၃၄၁၀၄၁၄ |
| | ဆက်သွယ်ရန်ပုဂ္ဂိုလ် (အခြား) | ကွန်ပျူတာဌာနစု<br>ပင်စင်ဦးစီးဌာန<br>ဖုန်း- ၀၆၇-၃၄၁၀၄၁၇၊ ၀၆၇-၃၄၁၀၆၆၉ |
| | ဆက်သွယ်ရန်အသေးစိတ် | ပင်စင်ဦးစီးဌာန<br>စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန<br>ရုံးအမှတ် (၃၄)၊ နေပြည်တော်၊ မြန်မာနိုင်ငံ<br>email: itsection.pensionmyanmar@gmail.com |
| | **Website** | **http://www.pension.gov.mm** |
| | | **http://www.mopfi.gov.mm** |

**ဖြစ်စဉ်များနှင့် စပ်လျဉ်းသည့် အကောင်အထည်ဖော်မှု ပြက္ခဒိန်(Tentative calendar of events)**

၄။ ဆောင်ရွက်ရမည်များကိုပြီးစီးနိုင်စေရန်အတွက် အရေးကြီးသော လုပ်ငန်းဆောင်ရွက်မှုများနှင့် ဆောင်ရွက်ရမည့် အချိန်သတ်မှတ်ချက်များကို အောက်ပါဇယားတွင် ဖော်ပြထားပါသည် -

| စဉ် | အကြောင်းအရာ | နေ့ရက်နှင့်အချိန် |
| --- | --- | --- |
| ၁။ | EOI အဆိုပြုလွှာများ ထုတ်ပေးခြင်း | ၁၉-၁-၂၀၂၁ |
| ၂။ | Provider များအား တွေ့ဆုံမေးမြန်းဖြေကြားခြင်း (Providers' Conference) | ၂၆-၁-၂၀၂၁ ၊ (၁၅:၀၀) နာရီ |
| ၃။ | Provider များအနေဖြင့် မေးခွန်း ရေးသားမေးမြန်းမှုများကို တင်သွင်းရမည့် နောက်ဆုံးနေ့ရက် | ၂-၂-၂၀၂၁၊ (၁၇:၀၀) နာရီ |
| ၄။ | မေးခွန်းမေးမြန်းမှုများကို ပြန်လည်ဖြေကြားခြင်း | ၅-၂-၂၀၂၁ |

| | | |
|---|---|---|
| ၅။ | EOI တင်သွင်းရမည့် နောက်ဆုံးရက်စွဲ | ၈-၂-၂၀၂၂၊ (၁၆:၀၀) နာရီ |
| ၆။ | EOI ဖွင့်လှစ်ခြင်း | ၉-၂-၂၀၂၂၊ (၁၀:၀၀) နာရီ |
| ၇။ | EOI အောင်သည့် company စာရင်းများ ထုတ်ပြန်ခြင်း | To be informed later |

**မှတ်ချက် –** အဆိုပြုရက်စွဲများသည် အတည်ပြုမှုအပေါ် မူတည်ပါသည်။

## EOI အဆိုပြုလွှာ စာရွက်စာတမ်း ရရှိနိုင်မှု(Availability of the request for EOI documents)

၅။ EOI အဆိုပြုလွှာ စာရွက်စာတမ်းများကို ပင်စင်ဦးစီးဌာန၊ ရုံးအမှတ်(၃၄)၊ နေပြည်တော်၊ မြန်မာတွင် ရရှိနိုင်ပါသည်။ Solution Provider များသည် EOI တွင်ပါရှိသည့် ညွှန်ကြားချက်များ၊ ပုံစံများ၊ ဝေါဟာရ (ဘာသာစကား)များ၊ စီမံကိန်းလိုအပ်ချက်များနှင့် အခြားအသေးစိတ် အချက်အလက်များ အားလုံးကို သေချာစွာ ဆန်းစစ်ရန်လိုအပ်ပါသည်။ EOI အဆိုပြုလွှာစာရွက်စာတမ်းများတွင် ဖော်ပြထားသည့်အတိုင်း ပြည့်စုံသော အချက်အလက်များကို ပေးပို့ရန် ပျက်ကွက်ခြင်း သို့မဟုတ် EOI စာရွက်စာတမ်းများကို အနှစ်သာရအားဖြင့် ပံ့ပိုးပေးနိုင်ခြင်းမရှိသော လျှောက်လွှာတစ်ခုအား တင်သွင်းခြင်းများ ဖြစ်ပေါ်လာပါက ၎င်းကိစ္စရပ်များ၏ သက်ရောက်မှုများသည် Provider၏ တာဝန်သာ ဖြစ်ပြီး လျှောက်လွှာကို ပယ်ချခြင်း ခံရမည် ဖြစ်ပါသည်။

## Provider များအား တွေ့ဆုံမေးမြန်းဖြေကြားခြင်း (Providers’ Conference)

၆။ CPFMIS Project သည် Provider အဖွဲ့အစည်းများအား တွေ့ဆုံမေးမြန်း ဖြေကြားခြင်း (Providers’ Conference) တစ်ခုကို စီမံကိန်း အကောင်အထည်ဖော်မှု ကနဦးအသေးစိတ်အချက်အလက်များ၊ အပိုင်း (၂) တွင် ဖော်ပြထားသည့် လိပ်စာအတိုင်း ပင်စင်ဦးစီးဌာနတွင် ကျင်းပမည် ဖြစ်ပါသည်။ အဆိုပါ Providerအဖွဲ့အစည်းများအား တွေ့ဆုံမေးမြန်းဖြေကြားခြင်း (Providers’ Conference) ပြုလုပ်မည့် နေ့ရက်နှင့်အချိန်တို့ကို ဖြစ်စဉ်များနှင့် စပ်လျဉ်းသည့် အကောင်အထည်ဖော်မှု ပြက္ခဒိန် (Tentative calendar of events)၊ အပိုင်း – ၃ တွင်ဖော်ပြထားပါသည်။ စိတ်ပါဝင်စားသော အဖွဲ့အစည်းများအနေဖြင့် မိမိတို့အဖွဲ့အစည်း၏ ကိုယ်စားပြုအနေဖြင့် (ကိုယ်စားလှယ် ၂ ဦးကန့်သတ်ထားပါသည်) ကိုယ်ပိုင်ကုန်ကျစရိတ်ဖြင့် တက်ရောက်ရမည်ဖြစ်ပါသည်။ Providers’ Conference ၏ ရည်ရွယ်ချက်မှာ စိတ်ပါဝင်စားသော Solution Provider များကို EOI အဆိုပြုလွှာတင်သွင်းခြင်းအတွက် ရှင်းလင်းချက်များပေးရန်ဖြစ်သည်။ ထို့အပြင် EOI အဆိုပြုလွှာတင်သွင်းခြင်းနှင့် စီမံကိန်းနှင့် စပ်လျဉ်း၍ Provider အဖွဲ့အစည်းတစ်ခုချင်းစီအနေဖြင့် ရှင်းရှင်းလင်းလင်း သိရှိသွားနိုင်စေရေးအတွက် အခွင့်

အရေးတစ်ခုအဖြစ် Providers' Conference ကို ကျင်းပပေးခြင်း ဖြစ်ပါသည်။ Providers' Conference ကျင်းပမည့်နေရာမှာ အပိုင်း-၂ တွင် ဖော်ပြထားသည့် လိပ်စာအတိုင်း ဖြစ်ပါသည်။

**လျှောက်လွှာတင်သွင်းရမည့် နေရာနှင့် အချိန်သတ်မှတ်ချက်များ (**Vene& Deadline for submission of application)

၇။ လျှောက်လွှာများ (EOI အဆိုပြုလွှာတွင် ဖော်ပြထားသည့်အတိုင်း လျှောက်လွှာများကို ပြည့်စုံစွာ ဖြည့်စွက်ရမည်) ကို အပိုင်း-၂ တွင် ဖော်ပြထားသည့်လိပ်စာအတိုင်း၊ ပင်စင်ဦးစီးဌာန၊ ရုံးအမှတ် (၃၄)၊ နေပြည်တော်၊ မြန်မာနိုင်ငံသို့ တင်သွင်းရမည် ဖြစ်ပါသည်။ COVID-19 ကန့်သတ်ချက်များ ဆက်လက်ရှိနေမည်ဆိုပါက Online ဖြင့် ဆက်သွယ်ဆောင်ရွက်မည် ဖြစ်ပါသည်။

၈။ EOI အဆိုပြုလွှာတင်သွင်းရာတွင် Soft Copy နှင့် Hard Copy တို့ကို အတူတကွ တင်သွင်းရမည်။ တင်သွင်းမှုတွင် Soft Copy နှင့် Hard Copy တို့အကြား ခြားနားချက်များ မရှိရပါ။ ကွဲလွဲမှုများ ရှိလာပါက Hard Copy ကိုသာလျှင် အမှန်ဟု တိကျစွာ သတ်မှတ်မည် ဖြစ်ပါသည်။ ပင်စင်ဦးစီးဌာန အနေဖြင့် ခြွင်းချက်ပြုရမည့် အခြေအနေများနှင့် ၎င်းအခြေအနေများတွင် ဆုံးဖြတ်ပိုင်ခွင့်ရှိသော အာဏာအရ လျှောက်လွှာတင်သွင်းရန် နောက်ဆုံးရက်သတ်မှတ်ချက်ကို ထပ်တိုးမည်ဆိုပါက ပင်စင်ဦးစီးဌာန၏ website တွင် ကြော်ငြာမည် ဖြစ်ပါသဖြင့် Solution Provider အဖွဲ့အစည်းများအနေဖြင့် လျှောက်လွှာတင်သွင်းရမည့် ယခင်မူလရက်သတ်မှတ်ချက်အပေါ်တွင် ပြင်ဆင်တိုးမြှင့်သတ်မှတ်သည့် ရက်ကို နောက်ဆုံးရက်အဖြစ် မှတ်ယူရမည် ဖြစ်ပါသည်။

**EOIအတွက် လိုအပ်ချက် ( Need for the Expression of Interest )**

၉။ တင်ဒါကော်မတီ (CPFMIS) သည် Central Provident Fund Management Information System (CPFMIS) Development Project နှင့်စပ်လျဉ်း၍ စာချုပ်သက်တမ်းအလွန် မျှော်မှန်းကာလ ၁ နှစ်မှ ၃ နှစ်အထိ CPFMIS အတွက် End-to-End Solution များကို တာဝန်ယူဆောင်ရွက်ပေးနိုင်သည့် Solution Provider အဖွဲ့အစည်း ရွေးချယ်ရေးလုပ်ငန်းစဉ်ကို စတင်ဆောင်ရွက်ခဲ့ပါသည်။ CPFMIS အတွက် Solution များ ဆောင်ရွက်ပေးရုံသာမကဘဲ Solution Provider အဖွဲ့အစည်းသည် ဝန်ဆောင်မှုများ/လုပ်ငန်းဆောင်ရွက်နိုင်မှုများကိုပါ တိုးတက်စေရေးအတွက် တာဝန်ယူဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။ ဝန်ဆောင်မှုများကို သေချာလေ့လာဆန်းစစ်ရာတွင် စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်မှုနှင့် လုပ်ငန်းဆောင်ရွက်တတ်မှုတို့ကို သေချာဆန်းစစ်သွားမည် ဖြစ်ပါသည်။ တင်ဒါကော်မတီ (CPFMIS) သည် လွှဲပြောင်းလက်ခံမှုများ လွယ်ကူချောမွေ့စေရေးအတွက် လအနည်းငယ်အတွင်းတွင် Solution Provider အဖွဲ့အစည်းကို ရွေးချယ်သွားမည် ဖြစ်ပါသည်။

**ဆောင်ရွက်ရမည့်လုပ်ငန်းနယ်ပယ် (Scope of Work)**

၁၀။ CPFMIS ၏ နယ်ပယ်ကို အောက်ပါအတိုင်း အပိုင်းများ ခွဲခြားထားပါသည် -

( က ) Business Process Re-engineering (BPR) ဆောင်ရွက်ခြင်း၊

( ခ ) Cloud or on-premise Infrastructure Solutions ဆောင်ရွက်ခြင်း၊

( ဂ ) Integrated Software Solutions ဆောင်ရွက်ခြင်း၊

( ဃ ) Operation and Maintenance ဆောင်ရွက်ခြင်း၊

**စိတ်ဝင်စားမှုအဆိုပြုလွှာထုတ်ပေးမှု အခြေအနေ (Conditions under which this request for EOI is issued)**

၁၁။ စိတ်ဝင်စားမှုအဆိုပြုလွှာထုတ်ပေးမှု အခြေအနေများမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

(က) ဤ EOI အတွက် တောင်းဆိုချက်သည် သဘောတူညီမှုတစ်ခု မဟုတ်သလို ကမ်းလှမ်းချက်တစ်ခုလည်း မဟုတ်ပါ။ တင်ဒါကော်မတီ (CPFMIS) သည် EOI အဆိုပြုလွှာအားရုပ် သိမ်းရန်နှင့် မည်သည့်အဆင့်တွင်မဆို အပိုင်းတစ်ခုခုအား ပြောင်းလဲခွင့်ရှိသည်။ တင်ဒါ ကော်မတီ (CPFMIS) သည် မည်သည့် Provider အဖွဲ့အစည်းကိုမဆို ကန့်ကွက်ခွင့်ရှိ သည်။

(ခ) စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၏ အကောင်းဆုံး အကျိုးစီးပွား ဖြစ်သည်ဟု တင်ဒါကော်မတီ (CPFMIS) က ဆုံးဖြတ်ပါက EOI အဆိုပြုလွှာကို ရုပ်သိမ်းပိုင်ခွင့်ရှိသည်။

(ဂ) Short-list တွင် ရွေးချယ်ခံထားရသည့် Provider အဖွဲ့အစည်းများကို တရားဝင်တင်ဒါ ခေါ်ယူခြင်းနှင့် Request for Proposal တို့ကို ထုတ်ပေး၍ နည်းပညာကူးသန်းရောင်း ဝယ်ရေးဆိုင်ရာ အဆိုပြုလွှာများကို နောက်ရက်များတွင် ဖိတ်ကြားမည် ဖြစ်ပါသည်။

(ဃ) EOI အဆိုပြုလွှာများမှ အချိန်ကိုက်ဆောင်ရွက်မှုနှင့် လုပ်ငန်းအစီအစဉ်ကျမှုရလဒ်များကို တင်ဒါကော်မတီ (CPFMIS) မှ နောက်ဆုံး ဆုံးဖြတ်မည် ဖြစ်ပါသည်။

(င) EOI အဆိုပြုလွှာတွင် ပင်စင်ဦးစီးဌာန၏ ဝန်ထမ်း၊ ကိုယ်စားလှယ် သို့မဟုတ် အလုပ်သမားတို့နှင့် စကားဖြင့်ဆက်သွယ်ဆောင်ရွက်မှုများ သို့မဟုတ် နှုတ်ဖြင့် သဘောတူညီထားမှုများ ပြုလုပ်ခြင်း မရှိရပါ။ Provder အဖွဲ့အစည်းမှ ဦးစီးဌာန၊ ကိုယ်စားလှယ် အဖွဲ့

အစည်း၊ ဝန်ထမ်း သို့ဟုတ် တင်ဒါကော်မတီမှ ဝန်ထမ်း တစ်ဦးဦးနှင့် နှုတ်ဖြင့်သဘောတူညီထားမှုများ သို့မဟုတ် အစီအစဉ်များကို EOI အဆိုပြုလွှာတင်သွင်းမှု လုပ်ငန်းစဉ်မှ ရရှိလာသည့် ရလဒ်များဖြစ်သည့် နောက်ဆုံးသဘောတူညီချက်များဖြင့်သာ အစားထိုးရပါမည်။ တင်ဒါကော်မတီ (CPFMIS)နှင့် Provider အဖွဲ့အစည်းတို့အကြား နှုတ်ဖြင့်ဆက်သွယ်မှုများကို တင်ဒါကော်မတီ (CPFMIS) အပေါ်တွင် တရားဝင်တာဝန်ခံမှုရှိသည်ဟု မယူဆသကဲ့သို့ တင်ဒါကော်မတီ (CPFMIS) မှ လွှဲ၍ မည်သည့်ပုဂ္ဂိုလ်မဆို ရေးသားထားခြင်း မပြုလုပ်ရပါ။

( စ ) မည်သည့် Provider အဖွဲ့အစည်းမဆို တင်ဒါကော်မတီ (CPFMIS) သို့မဟုတ် ၎င်း၏ ဝန်ထမ်း သို့မဟုတ် ကိုယ်စားလှယ် သို့မဟုတ် အလုပ်သမားများအား EOI အဆိုပြုလွှာ တင်သွင်းခြင်း သို့မဟုတ် ၎င်းလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ တောင်းဆိုမှုများ မပြုလုပ်ရပါ။

( ဆ ) အရည်အချင်း စိစစ်ရွေးချယ်ရေး လုပ်ငန်းစဉ်တွင် လျှောက်လွှာရှင်များသည် လက်ဆောင်ပေးခြင်းဖြင့် မဲဆွယ်ခြင်း၊ လွှမ်းမိုးခြင်း သို့မဟုတ် လွှမ်းမိုးရန် ကြိုးစားအားထုတ်ခြင်းများ ရှိလာပါက လုပ်ငန်းစဉ်၏ မည်သည့်အဆင့်တွင်မဆို အရည်အသွေးမပြည့်မီဟု သတ်မှတ်ခြင်း ခံရမည်။

( ဇ ) လျှောက်လွှာရှင်တစ်ဦးသည် EOI တစ်စုံ သို့မဟုတ် Pre-qualification requirement လျှောက်လွှာတစ်စုံသာ တင်သွင်းရမည်။

**လျှောက်လွှာပါအကြောင်းအရာများ၏ ရပိုင်ခွင့်များ (Rights to the content of the application)**

၁၂။ သတ်မှတ်ထားသောကာလအတွင်း ပေးပို့လာသော လျှောက်လွှာများနှင့် Pre-Qualification လျှောက်လွှာများနှင့် သက်ဆိုင်သော စာရွက်စာတမ်းများသည် တင်ဒါကော်မတီ၏ လုပ်ပိုင်ခွင့်ဖြစ်လာမည်ဖြစ်ပြီး Pre-Qualificationလျှောက်လွှာများကို ဖွင့်ဖောင်စစ်ဆေးပြီးသည့်အချိန်တွင် အရည်အချင်းပြည့်မီသော လျှောက်လွှာများအား ပြန်ပေးပို့မည်မဟုတ်ပါ။ တင်ဒါကော်မတီ (CPFMIS)သည် လျှောက်လွှာများတွင် ဖော်ပြထားသော အချက်အလက်အားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို တရားဝင်ရည်ရွယ်ချက်များအတွက် လိုအပ်လာပါက ဖွင့်ဖောက်ခြင်း သို့မဟုတ် အသုံးပြုခြင်းကို ပြုလုပ်နိုင်သည်။ ပင်စင်ဦးစီးဌာနကို လျှောက်လွှာတွင် ဖော်ပြထားသော မည်သည့်ကန့်သတ်ချက်မျှ သို့မဟုတ် အသုံးပြုရန် သို့မဟုတ် စာအိတ်ဖွင့်ဖောက်ရန် မည်သည့်ကန့်သတ်ချက်နှင့်မျှ သက်ရောက်ခြင်း မရှိစေရ။

**ဝေါဟာရများအား နားလည်သဘောပေါက်ခြင်း (Acknowledge of Understanding of Terms)**

၁၃။ လျှောက်လွှာတင်သွင်းရာတွင် Provider အဖွဲ့အစည်း တစ်ခုချင်းစီသည် ဤ EOI တွင် ပါဝင်သည့် ဖြည့်စွက်ရမည့် ပုံစံများ၊ အချိန်ဇယားများနှင့် နောက်ဆက်တွဲများ အပါအဝင် အခန်းကဏ္ဍများအားလုံးကို သေချာစွာ ဖတ်ရှုရမည် ဖြစ်ပြီး လက်ရှိအခြေအနေနှင့် ကန့်သတ်ချက်များအားလုံးကို အပြည့်အဝ နားလည်သဘောပေါက်ထားရမည် ဖြစ်ပါသည်။

**အကြိုအရည်အချင်းပြည့်မီမှုလျှောက်လွှာအား လေ့လာအကဲဖြတ်ခြင်း (Evaluation of Pre – Qualification Application)**

၁၄။ Provider အဖွဲ့အစည်း၏ Pre-Qualification လျှောက်လွှာကို EOI အဆိုပြုလွှာတွင် ဖော်ပြထားသော သတ်မှတ်ချက်တစ်ချက်ချင်းစီအလိုက် လေ့လာအကဲဖြတ်ဆုံးဖြတ်သွားမည် ဖြစ်ပါသည်။ ထို့ပြင် အကဲဖြတ်ဆုံးဖြတ်ပေးနိုင်ရန် Provider အဖွဲ့အစည်းများအနေဖြင့် အကြိုအရည်အချင်း ပြည့်မီမှုအား ထောက်ခံပေးနိုင်သည့် စာရွက်စာတမ်းများအားလုံး (ဥပမာ- အသေးစိတ်စီမံကိန်း ရည်ညွှန်းချက်များနှင့် ပြီးဆုံးကြောင်းလက်မှတ်များ၊ အတည်ပြုရန်အတွက် Client ကို ဆက်သွယ်နိုင်ရမည့် အချက်အလက် များ ၊ စီမံကိန်းအရင်းအမြစ်များနှင့် အခြားအရာများ ) ကို တင်ပြရန် လိုအပ်သည်။

**လျှောက်လွှာဘာသာစကား (Language of Application)**

၁၅။ လျှောက်လွှာ၊ စာပေးစာယူနှင့် စာရွက်စာတမ်းများအားလုံးကို အင်္ဂလိပ်နှင့် မြန်မာဘာသာနှစ်မျိုးဖြင့် ရေးသားတင်သွင်းရမည်။

**အကြိုအရည်အချင်းပြည့်မီမှုဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ (Pre-Qualification Criteria)**

၁၆။ ဤစာတမ်းတွင် သတ်မှတ်ဖော်ပြထားသော လုပ်ငန်းနယ်ပယ်အတွက် CPFMIS Solution ကို အသင့်ပြင်ဆင်ရန်မှာ Provider အဖွဲ့အစည်း၏ အဓိက Solution နှင့် ဝန်ဆောင်မှုများအဖြစ် တင်ဒါကော်မတီ (CPFMIS) က ရည်ရွယ်ချက်ပါသည်။ အကြိုအရည်အချင်း ပြည့်မီမှုဆိုင်ရာ စံနှုန်းသတ်မှတ်ချက်များ အသေးစိတ်မှာ အောက်ပါဇယားတွင် ဖော်ပြထားပါသည်-

| **စဉ်** | **စံနှုန်းသတ်မှတ်ချက်များ** | **ပေးအပ်ရမည့်စာရွက်စာတမ်းများ** |
|---|---|---|
| (က) **အထွေထွေ** | | |
| ၁ | စိတ်ပါဝင်စားသော Solution Provider အဖြစ် ဆောင်ရွက်သူသည် မြန်မာနိုင်ငံကုမ္ပဏီများ | မြန်မာနိုင်ငံတွင် မှတ်ပုံတင်တင်ထားသည့် ကုမ္ပဏီလက်မှတ်နှင့် အခြားသော |

| စဉ် | စံနှုန်းသတ်မှတ်ချက်များ | ပေးအပ်ရမည့်စာရွက်စာတမ်းများ |
|---|---|---|
| | ဥပဒေ(၂၀၁၇)အရ မြန်မာနိုင်ငံတွင် ကုမ္ပဏီ မှတ်ပုံတင်ထားသူဖြစ်ရမည်။ နိုင်ငံခြားကုမ္ပဏီ ဖြစ်ပါက EOI အဆင့်တွင် ပြည်တွင်း၌မှတ်ပုံ တင်ထားခြင်းမရှိသော်လည်း တင်ဒါကော်မတီမှ ရွေးချယ်ပြီး စာချုပ်ချုပ်ဆိုသည့်အဆင့်တွင် မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေအရ ပြည်တွင်း၌ မှတ်ပုံတင်ထားသော ကုမ္ပဏီ ဖြစ်ရမည်။ | ပူးတွဲပါ သက်သေခံ စာရွက်စာတမ်းများကို ပူးတွဲတင်ပြရမည်။ |
| ၂ | စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်းနှင့် အကျိုးတူပူးပေါင်းထားသော ကုမ္ပဏီ(များ)သည် လုပ်ငန်းထိန်းသိမ်းသည့် အဖွဲ့အစည်း တစ်ခုခု၊ အဖွဲ့အစည်းများတွင် ပြဋ္ဌာန်းထားသော ဥပဒေများတွင် နာမည်ပျက်စာရင်း သွင်းခံထားရ ခြင်း၊ ပိတ်ပင်ထားခြင်း၊ အရည်အ သွေးမပြည့်မှီခြင်းများ မဖြစ်ရပါ။ စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်းနှင့် အကျိုးတူပူးပေါင်းထားသော ကုမ္ပဏီ(များ)သည် Providers' Conference မတိုင်မီ ပြောင်းလဲနိုင်သည်။ | ကိုယ်တိုင်ကြေငြာချက် (အဖွဲ့အစည်း၏ လက်မှတ်ရေးထိုးပိုင်ခွင့်ရှိသူ ကိုယ်တိုင်) အကျိုးတူ ပူးပေါင်းမှုစာချွန်လွှာကို RFP တင်ပြချိန်တွင် တင်ပြရမည်။ |
| ၃ | စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်း သို့မဟုတ် အကျိုးတူပူးပေါင်းထားသော ကုမ္ပဏီ (များ) တွင် ISO 27000 (သို့) ISO 27001 (သို့) ISO/IEC 20000 (သို့) ၎င်းအထက်ရှိသော လက်မှတ်များ(သို့)SEI CMMI Level 3 လက်မှတ်(သို့)၎င်းအထက်ရှိသောလက်မှတ်များ ရှိရပါမည်။ | သက်ဆိုင်သောလက်မှတ်များ၏ မိတ္တူ(သို့) စာရင်းစစ်အဖွဲ့မှ အကဲဖြတ်လက်မှတ်များ |
| ၄ | စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်း သို့မဟုတ် အကျိုးတူပူးပေါင်းထားသော ကုမ္ပဏီ (များ) သည် အောက်ဖော်ပြပါ Web-based Application များမှအနည်းဆုံး(၂)ခုကို အကောင်အထည်ဖော် ဆောင်ရွက်ထားသည့် အတွေ့အကြုံရှိရမည် (မှတ်ချက်။ Software ရေးဆွဲရာတွင် အမှားအနည်းဆုံးဖြင့် အကောင် | Client ဘက်မှ ထောက်ခံချက်ပုံစံများ အဖြစ် ဝယ်ယူမှုအမှာစာ၊ စာချုပ်၊ ယုံကြည်မှု စာလွှာ အစရှိသည်တို့ကို ပံ့ပိုးပေးရမည် ဖြစ်သည်။<br>စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်းသည် အခြားသော မိတ်ဖက်အဖွဲ့အစည်းများနှင့် စီးပွားရေးမိတ်ဖက် |

| စဉ် | စံနှုန်းသတ်မှတ်ချက်များ | ပေးအပ်ရမည့်စာရွက်စာတမ်းများ |
|---|---|---|
| | အထည်ဖော်ရေးဆွဲနိုင်ရန် ရည်ရွယ်ပါသည်။) –<br>( က ) Customer Relationship Management System<br>( ခ ) Financial Accounting System<br>( ဂ ) Fund Management System<br>( ဃ ) Record Management System<br>( င ) Pension Management System (CPF)<br>စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်းသည် EOI တွင် သတ်မှတ်ထားသော လုပ်ငန်းနယ်ပယ်များ အားလုံးအတွက် အခြားသော စီးပွားရေးမိတ်ဖက် အဖွဲ့အစည်း အများဆုံး (၂) ခုဖြင့် ဖွဲ့စည်းနိုင်ပါသည်။ | အဖြစ် ဖွဲ့စည်းမည်ဆိုပါက စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်းသည် မိတ်ဖက်အဖြစ် ပူးပေါင်းဆောင်ရွက်မှု သဘောတူညီချက် သို့မဟုတ် စာချုပ်သက်တမ်း ကာလတလျှောက်လုံးတွင် ပူးပေါင်းထားသော စီးပွားရေးမိတ်ဖက် အဖွဲ့အစည်း တစ်ခုချင်းစီ၏ အခန်းကဏ္ဍများနှင့် တာဝန်ယူ ဆောင်ရွက်ရမည့်ကိစ္စရပ်များ၊ အကောင်အထည်ဖော်ရမည့် လုပ်ငန်းများ နှင့် ဝန်ဆောင်မှုပေးရမည့်အရာများကို အသေးစိတ် ထည့်သွင်း ဖော်ပြထားသည့် ပူးပေါင်းဆောင်ရွက်မှု စာလွှာတို့ကို တင်ပြရမည်။ EOI တွင် ဖော်ပြထားသော လုပ်ငန်းနယ်ပယ်များကို ဆောင်ရွက်ရန်အတွက် အဓိကတာဝန်ရှိသူနှင့် တာဝန်ခံရမည့်သူမှာ စိတ်ပါဝင်စားသော Solution Provider အဖြစ် ဆောင်ရွက်သူသာ ဖြစ်ပြီး ပင်စင်ဦးစီးဌာနအတွက် တစ်ခုတည်းသော ဆက်သွယ်ရမည့်သူလည်း ဖြစ်ရမည်။ ပင်စင်ဦးစီးဌာနသည် သဘောတူစာချုပ်ကို အကောင်အထည်ဖော်ရာတွင် စိတ်ပါဝင်စားသော Solution Provider အဖြစ် ဆောင်ရွက်သူနှင့်သာ ချိတ်ဆက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ |
| (ခ) **ဘဏ္ဍာရေး** | | |
| ၁ | စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်းသည် နောက်ဆုံး ဘဏ္ဍာရေး(၃) နှစ်တွင် တစ်နှစ်ချင်းစီအတွက် အနည်းဆုံး အမေရိကန်ဒေါ်လာ (၂) သန်း (သို့ ညီမျှသောပမာဏ) သို့မ | ငွေစာရင်းရှင်းတမ်း၊ အရှုံး/အမြတ် ဘဏ်စာရင်းရှင်းတမ်း၊ ငွေလည်ပတ်မှုရှင်းတမ်းများပါဝင်သော စာရင်းစစ်ပြီး ငွေစာရင်းရှင်းတမ်းတစ်ခုကို နောက်ဆုံးဘဏ္ဍာရေး |

| စဉ် | စံနှုန်းသတ်မှတ်ချက်များ | ပေးအပ်ရမည့်စာရွက်စာတမ်းများ |
|---|---|---|
| | ဟုတ် ထိုထက်ပိုသော ဝင်ငွေပမာဏ ရှိရပါမည်။ အကယ်၍ အခြားကုမ္ပဏီနှင့်ပူးပေါင်းခြင်း သို့ အခြားကုမ္ပဏီတစ်ခုခုမှ ပြန်လည်ဝယ်ယူခြင်းနှင့် အခြားကုမ္ပဏီများနှင့် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်း ခြင်း သို့ ကုမ္ပဏီသိမ်းယူခြင်းများ ဖြစ်လာခဲ့လျှင် ကုမ္ပဏီအသစ်အဖြစ် မှတ်ယူမည် ဖြစ်ပါသည်။ | (၃)နှစ်အတွက်မဖြစ်မနေ တင်ပြရပါမည်။ |
| ၂ | စိတ်ပါဝင်စားသော Solution Provider အဖွဲ့ အစည်းသည် နောက်ဆုံးဘဏ္ဍာရေးနှစ် (၃) နှစ်တွင် အပါင်းလက္ခဏာပြသော ပျမ်းမျှအမြတ်အစွန်း(အခွန်ခမပါဘဲ) ရှိရပါမည်။ အကယ်၍ အခြား ကုမ္ပဏီများနှင့်ပူးပေါင်းခြင်း သို့မဟုတ် အခြား ကုမ္ပဏီတစ်ခုခုမှ ပြန်လည်ဝယ်ယူခြင်းနှင့် အခြား ကုမ္ပဏီများနှင့် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်းခြင်း သို့မဟုတ် ကုမ္ပဏီသိမ်းယူခြင်းများ ဖြစ်လာခဲ့ လျှင် ကုမ္ပဏီအသစ်အဖြစ် မှတ်ယူမည်ဖြစ်ပါ သည်။ | ငွေစာရင်းရှင်းတမ်း၊ အရှုံး/အမြတ် ဘဏ်စာရင်းရှင်းတမ်း၊ ငွေလည်ပတ်မှုရှင်းတမ်းများပါဝင်သော စာရင်းစစ်ပြီး ငွေစာရင်းရှင်းတမ်းတစ်ခုကို နောက်ဆုံးဘဏ္ဍာရေး (၃) နှစ်အတွက် မဖြစ်မနေတင်ပြရပါမည်။ |
| ၃ | စိတ်ပါဝင်စားသော Solution Provider အဖွဲ့ အစည်းသည် နောက်ဆုံးဘဏ္ဍာရေး (၃)နှစ်အတွက် ပျမ်းမျှအနုတ်အသိမ်းပမာဏ၏ (၃%) သည် လုပ်ငန်းဆောင်ရွက်နေသော ငွေလည်ပတ်မှု ပမာဏ ဖြစ်ရပါမည်။<br>အကယ်၍ အခြားကုမ္ပဏီများနှင့်ပူးပေါင်းခြင်း သို့ အခြားကုမ္ပဏီ တစ်ခုခုမှ ပြန်လည်ဝယ်ယူခြင်းနှင့် အခြားကုမ္ပဏီများနှင့် ဘဏ္ဍာရေးဆိုင်ရာ ပူးပေါင်း ခြင်း သို့ ကုမ္ပဏီ သိမ်းယူခြင်းများ ဖြစ်လာခဲ့လျှင် ကုမ္ပဏီအသစ်အဖြစ် မှတ်ယူမည် ဖြစ်ပါသည်။ | ငွေစာရင်းရှင်းတမ်း၊ အရှုံး/အမြတ် ဘဏ်စာရင်းရှင်းတမ်း၊ ငွေလည်ပတ်မှုရှင်းတမ်းများပါဝင်သော စာရင်းစစ်ပြီး ငွေစာရင်းရှင်းတမ်းတစ်ခုကို နောက်ဆုံးဘဏ္ဍာရေး (၃)နှစ်အတွက် မဖြစ်မနေ တင်ပြရပါမည်။ |
| (ဂ) **အတွေ့အကြုံနှင့် ဝန်ဆောင်မှုပေးနိုင်ခြင်း** | | |

| စဉ် | စံနှုန်းသတ်မှတ်ချက်များ | ပေးအပ်ရမည့်စာရွက်စာတမ်းများ |
|---|---|---|
| ၁ | စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်း သို့မဟုတ် အကျိုးတူပူးပေါင်းထားသော ကုမ္ပဏီ (များ) သည် ပင်စင်ဦးစီးဌာနတွင် အကောင်အထည်ဖော်မည့် Solution နှင့် အလားတူသည့် လုပ်ငန်းအတွက် စာချုပ်နှစ်ခုချုပ်ဆိုပြီး အောင်မြင်သည့်အတွေ့အကြုံ အနည်းဆုံး နှစ်ခုလည်း ရှိရမည် ဖြစ်ပါသည်။ | Client ဘက်မှ ထောက်ခံချက်များ၊ စာချုပ်စာတမ်းများကို အထောက်အထားပြစာရွက်များ အစရှိသည်တို့ကို ပေးအပ်ရပါမည်။ |
| ၂ | စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်းသည် ဖြစ်နိုင်လျှင် နည်းပညာအထောက်အကူပြုဂုန်ထမ်းများနှင့် နေပြည်တော်တွင် ရုံးခွဲရှိသင့်သည်။ | စီမံကိန်း တည်နေရာအတွက် နေပြည်တော်ရှိရုံးခွဲ၏လိပ်စာအပြည့်အစုံနှင့် နည်းပညာအထောက်အကူပြု ဂုန်ထမ်းများ စာရင်းပါရှိသည့် ကိုယ်တိုင်ကြေညာချက် ထုတ်ပြန်ခြင်း။ (စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်းမှ လက်မှတ်ရေးထိုးပိုင်ခွင့်ရှိသူ ကိုယ်တိုင်) ။ |
| ၃ | စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်း သို့မဟုတ် အကျိုးတူပူးပေါင်းထားသော ကုမ္ပဏီ(များ)သည် အမေရိကန်ဒေါ်လာ (၁) သန်း ထက်ပိုသော(သို့) ညီမျှသော ပရောဂျက် အနည်း ဆုံး (၂)ခုကို လုပ်ကိုင်ခဲ့ရပါမည်။ | Client ဘက်မှ ထောက်ခံချက်များ၊ စာချုပ်စာတမ်းများကို အထောက်အထားပြစာရွက်များ အစရှိသည်တို့ကို ပေးအပ်ရပါမည်။ |
| ၄ | စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်း သို့မဟုတ် အကျိုးတူပူးပေါင်းထားသော ကုမ္ပဏီ (များ) သည် Application အကောင်အထည်ဖော်ရာတွင် ယခင်အတွေ့အကြုံများရှိ သင့်ပြီး Mobile application, Internet application များကို ကူညီပံ့ပိုးပေးနိုင်ရပါမည်။ (ပူးပေါင်းမှု အတွေ့အကြုံသည် အဖွဲ့အစည်း တစ်ခုထက်ပိုနိုင်ပါ သည်။) | Client ဘက်မှ ထောက်ခံချက်များ၊ စာချုပ်စာတမ်းများကို အထောက်အထားပြစာရွက်များ အစရှိသည်တို့ကို ပေးအပ်ရပါမည်။ |
| ၅ | စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်း သို့မဟုတ် အကျိုးတူပူးပေါင်းထားသော ကုမ္ပဏီ (များ)သည် ဤစီမံကိန်းအတွက် ကျွမ်း | ပညာရှင် အရေအတွက်နှင့် သတင်းအချက်အလက်အသေးစိတ်အား ကုမ္ပဏီ စာရင်းစစ်များ၊ ကုမ္ပဏီအတွင်း ရေးမှူး၊ |

| စဉ် | စံနှုန်းသတ်မှတ်ချက်များ | ပေးအပ်ရမည့်စာရွက်စာတမ်းများ |
|---|---|---|
| | ကျင်သော Software Developers ၁၅ယောက်၊ ကျွမ်း ကျင်သော Network Engineers အနည်းဆုံး ၅ယောက် အပါအဝင် အတွေ့အကြုံရှိသော IT ပညာရှင် ၃၀ ဦးကို စေလွှတ်ရမည်။ | HR တို့၏ ထောက်ခံချက် |

မှတ်ချက် (၁)။ အကယ်၍ Provider အဖွဲ့အစည်းသည် ၁၀၀% လက်အောက်ခံကုမ္ပဏီ ဖြစ်ခြင်း/ မူရင်းကုမ္ပဏီတစ်ခုမှ ပြန်လည်ဖွဲ့စည်းခြင်းအားဖြင့် သီးခြားခွဲထွက်လာခြင်း/ စီးပွားရေးလုပ်ငန်းများ ခွဲခြားထားခြင်း/ သီးခြားခွဲထွက်လာသူ (ရောင်းချသူ)တစ်ဦးထံမှ စီးပွားရေးလုပ်ငန်းတစ်ခုကို ရရှိရာမှ လုပ်ငန်းလွှဲပြောင်းခြင်းများဖြစ်ခဲ့လျှင် Provider အဖွဲ့အစည်းသည် ဤ RFP တွင် သတ်မှတ်ထားသော စံနှုန်းသတ်မှတ်ချက်များကို ပြည့်မီစေရန် အတွက် မူရင်းကုမ္ပဏီ/ ရောင်းချသူများ၏ အတွေ့အကြုံနှင့် သက်သေအထောက်အထားများကို အသုံးပြုနိုင်ပြီး ပြန်လည်ဖွဲ့စည်းခြင်း၊ စီးပွားရေးခွဲခြားထားခြင်း၊ လုပ်ငန်းလွှဲပြောင်းခြင်းများအတွက် သက်သေခံ စာချုပ်စာတမ်းများကို လုံလောက်စွာ ပေးအပ်ရန် လိုအပ်ပါသည်။

မှတ်ချက် (၂)။ အထက်ဖော်ပြပါစံနှုန်းသတ်မှတ်ချက်များကိုမပြည့်မီပါက လျှောက်လွှာကို ထည့်သွင်းစဉ်းစားလိမ့်မည်မဟုတ်ဘဲ ပယ်ချခြင်း ခံရမည်။

မှတ်ချက် (၃)။ ပေးအပ်ရန် လိုအပ်သော စာရွက်စာတမ်းများနှင့်အတူ သတ်မှတ်ထားသော စံနှုန်းသတ်မှတ်ချက်များကို ရှင်းလင်းစွာ ပူးတွဲထားခြင်းမရှိပါက ပင်စင်ဦးစီးဌာနမှ စာရွက်စာတမ်းများကို နောက်ဆုံးနေ့ရက်အတွင်း ထပ်မံပေးပို့ရန်တောင်းခံပါမည်။ လိုအပ်သော စာရွက်စာတမ်းများကို သတ်မှတ်အချိန်ကာလအတွင်း ပေးပို့နိုင်ခြင်းမရှိပါက လျှောက်လွှာများကို ထည့်သွင်းစဉ်းစားလိမ့်မည်မဟုတ်ဘဲ ပယ်ချခြင်း ခံရမည်။

မှတ်ချက် (၄)။ မည်သည့် Provider အဖွဲ့အစည်းမဆို EOIလုပ်ငန်းစဉ်တွင် အလုပ်စလုပ်နိုင်ရန် စာကို ထုတ်ပေးပြီးဖြစ်သော်လည်း ဆက်လက် ဆောင်ရွက်ရန်ပျက်ကွက်ခဲ့ပါက တင်ဒါလုပ်ငန်းတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ပြုမည် မဟုတ်ပါ။

မှတ်ချက် (၅)။ နိုင်ငံခြားကုမ္ပဏီသည် ပြည်တွင်းကုမ္ပဏီတစ်ခုနှင့် စပ်တူလုပ်ကိုင်ဆောင်ရွက်နိုင်သည်။ နိုင်ငံခြား ကုမ္ပဏီအနေဖြင့် အထောက်အပံ့ဝန်ဆောင်မှု ပေးရန်အတွက်သာ ပြည်တွင်းတစ်ခုနှင့်သာ စပ်တူလုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်သည်။

## လျှောက်လွှာတင်သွင်းရာတွင် ဆောင်ရွက်ရမည့်အချက်အလက်များ (Response Requirements)

၁၇။ လျှောက်လွှာတင်သွင်းရာတွင် ဆောင်ရွက်ရမည့် အချက်အလက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

(က) အကြိုအရည်အချင်းပြည့်မီမှု သတ်မှတ်ချက်များကို EOI တွင်ဖော်ပြထားသော သတ်မှတ်ချက်များနှင့်အညီ ပြင်ဆင်ထားရမည် ဖြစ်ပါသည်။ ထို့ပြင် အနိမ့်ဆုံး သတ်မှတ်ချက် ပြည့်မီကြောင်းကို သက်သေပြသည့်အနေဖြင့် အထက်ဖော်ပြပါ စံသတ်မှတ်ချက်တစ်ခုချင်းစီအတွက် သတ်မှတ်ထားသည့် ပုံစံများကိုလည်း ပြင်ဆင်ထားရမည် ဖြစ်ပါသည်။

(ခ) လျှောက်လွှာများသည် EOI တွင် ဖော်ပြထားသော သတ်မှတ်များအတိုင်း တိုက်ရိုက်တိကျပြီး ပြည့်စုံရမည်။ ဤ EOI နှင့် တိုက်ရိုက်မသက်ဆိုင်သော အချက်အလက်များ ထည့်သွင်းတင်သွင်းလာပါက ပယ်ချခြင်းခံရမည်ဖြစ်သည်။

(ဂ) EOI လျှောက်လွှာနှင့် Pre-Qualification လျှောက်လွှာကို တံဆိပ်ရိုက်နှိပ်ပြီး ထိပ်တန်းညာဘက်ထောင့်တွင် "Response to Pre-Qualification Requirements _ CPFMIS Project" ခေါင်းစဉ်ဖြင့် ဤ EOI တွင်ဖော်ပြပါရှိသော ပင်စင်ဦးစီးဌာန၏လိပ်စာသို့ ပေးပို့တင်သွင်းရမည်။

(ဃ) Pre-Qualification လျှောက်လွှာတင်သွင်းရာတွင် Hard Copy (၄) စုံတင်သွင်း ရမည်ဖြစ်ပြီး တစ်ခုကို ORIGINAL အမှတ်အသားပြုလုပ်ပြီး နောက် (၃) စုံကို DUPLICATE အဖြစ်လည်းကောင်း၊ Soft Copy အနေဖြင့် ပြန်လည်၍ ရေးသား မရသောကျစ်လစ်သည့် CD ဖြင့်လည်းကောင်း တင်သွင်းရမည်ဖြစ်ပါသည်။ "Response to Pre-Qualification Requirements_CPFMIS Project" ဟူသော စာသားများကို CD ပေါ်တွင် အပျက်နိုင်သောမှင်ဖြင့် ရေးသားရပါမည်။ Hard Copy ၏ စာမျက်နှာများအားလုံးပေါ်တွင် လက်မှတ်ရေးထိုးပိုင်ခွင့်ရှိသူက လက်မှတ်ထိုး၍ CD နှင့်အတူ စာအိတ်တွင်ထည့်ပိတ်ပြီး ရုံးတံဆိပ်ရိုက်နှိပ်ရမည်။

(င) EOI လျှောက်လွှာနှင့် Pre-Qualification လျှောက်လွှာများ၏ Printed Version တွင်ပါဝင်သောအချက်အလက်များနှင့် CD များပါ အချက်အလက်များ အကြားကွဲလွဲမှုများရှိပါက အကဲဖြတ်ရာတွင် Printed Version ကိုသာလျှင် လျှောက်လွှာအဖြစ် အတည်ယူပြီး ထည့်သွင်းစဉ်းစားသွားမည်ဖြစ်ပါသည်။

(စ) လျှောက်လွှာတွင် ရည်ညွှန်းကိုးကားချက်များ၏မိတ္တူများနှင့် EOI တွင်ဖော်ပြထားသည့် အခြားစာရွက်စာတမ်းများ ပါဝင်သင့်သည်။

(ဆ) EOI သို့မဟုတ် လျှောက်လွှာကို Binding Document အဖြစ် လိုက်နာရန် သို့မဟုတ် လက်မှတ်ရေးထိုးရန်နှင့် EOI ၏ သက်ဆိုင်ရာ သဘောတူညီချက်ပုံစံအားလုံးကို လေးစားလိုက်နာရန် ဘုတ်အဖွဲ့တစ်ခုမှ Provider အဖွဲ့အစည်းအား အာဏာလွှဲအပ်ထားသော ဆုံးဖြတ်ချက်သည်လည်း စာအိတ်တွင် ပါဝင်ရမည် ဖြစ်ပါသည်။

(ဇ) တင်ဒါကော်မတီ (CPFMIS) သည် EOI အဆိုပြုလွှာ သို့မဟုတ် လျှောက်လွှာ တင်သွင်းမှုတွင် ဖော်ပြထားသည့် နည်းလမ်းနှင့် မဟုတ်ဘဲ အခြားမည်သည့်နည်းလမ်းနှင့်မျှ တင်ပြခြင်းကို လက်ခံမည် မဟုတ်ပါ။ အခြားနည်းလမ်းဖြင့် တင်ပြပေးပို့လာသည့် လျှောက်လွှာများကို ငြင်းပယ်မည်ဖြစ်ပါသည်။

**အကြိုအရည်အချင်းပြည့်မီမှုဆိုင်ရာ လျှောက်လွှာ (Pre-Qualification Requirement Application)**

၁၈။ EOI အဆိုပြုတင်သွင်းလွှာ သို့မဟုတ် Pre-Qualification လျှောက်လွှာကို အောက်ပါအတိုင်း အသေးစိတ်အချက်အလက်များနှင့်အတူ တံဆိပ်ရိုက်ပြီး စာအိတ်ဖြင့် တင်သွင်းရပါမည်။

၁၉။ Provider အဖွဲ့အစည်းများ၏ EOI အဆိုပြုတင်သွင်းလွှာ သို့မဟုတ် Pre-Qualification လျှောက်လွှာများနှင့် စပ်လျဉ်းသည့် လုပ်ဆောင်ချက်များကို အောက်ဖော်ပြချက်ပါသတ်မှတ်ထားသော အမျိုးအစားများအတိုင်း အပိုင်း (၄) ပိုင်းဖြင့် ရှင်းလင်းစွာတင်ပြရမည် ဖြစ်ပါသည် -

( က ) အပိုင်း - ၁၊ Covering Letter and Board Resolution

( ၁ ) နောက်ဆက်တွဲ ပုံစံ ၁ ပါ ပုံစံဖြင့်ဖော်ပြထားသည့် Provider အဖွဲ့အစည်းမှ တင်ပြထားသော Covering Letter

( ၂ ) EOI သို့မဟုတ် လျှောက်လွှာကို Binding Document အဖြစ် လိုက်နာရန် သို့မဟုတ် လက်မှတ်ရေးထိုးရန်နှင့် EOI ၏ သက်ဆိုင်ရာ သဘောတူညီချက်ပုံစံအားလုံးကို လေးစားလိုက်နာရန် ဘုတ်အဖွဲ့တစ်ခုမှ Provider အဖွဲ့အစည်းအား အာဏာလွှဲအပ်ထားသော ဆုံးဖြတ်ချက်

( ခ ) အပိုင်း-၂၊ အဖွဲ့အစည်း၏ အသေးစိတ်ဖော်ပြချက်

( ၁ ) နောက်ဆက်တွဲ ပုံစံ ၂ တွင် ဖော်ပြထားသည့်ပုံစံဖြင့် အဖွဲ့အစည်း၏ အခြား အသေးစိတ် အချက်အလက်များနှင့်အတူ လုပ်ငန်းဆောင်ရွက်မှု နောက်ခံသမိုင်း (စာလုံးရေ ၄၀၀အထိ) တစ်ခု ပါဝင်ရမည် ဖြစ်ပါသည်။ မဖြစ်မနေ လိုအပ်သော အထောက်အထား စာရွက်စာတမ်းများကိုလည်း စာအိတ်ဖြင့် ပိတ်၍တင်ပြရမည်။

( ၂ ) နောက်ဆက်တွဲ ပုံစံ ၃ တွင် ဖော်ပြထားသည့်ပုံစံဖြင့် Provider အဖွဲ့အစည်း၏ အဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာ အချက်အလက်များကိုလည်း ပေးရမည်။ မဖြစ်မနေလိုအပ်သော အထောက်အထား စာရွက်စာတမ်းများကိုလည်း စာအိတ်ဖြင့် ပိတ်၍ တင်ပြရမည်။

( ဂ ) အပိုင်း–၃၊ Provider အဖွဲ့အစည်းတွင် ပါဝင်သော IT ပညာရှင်များ၏ သက်သေပြချက်

( ၁ ) Provider အဖွဲ့အစည်းသည် အဖွဲ့အစည်းအတွင်း အချိန်ပြည့်အိုင်တီပညာရှင်များ ၏ အသေးစိတ်အချက်အလက်များနှင့်အတူ စာရင်းစစ်အဖွဲ့အစည်း သို့မဟုတ် ကုမ္ပဏီ၏အတွင်းရေးမှူးတို့၏ ထောက်ခံချက် မိတ္တူတစ်စုံတို့ကို စာအိတ်ပိတ်၍ တင်ပြရမည်။

( ဃ ) အပိုင်း–၄၊ အသိအမှတ်ပြုမှု သက်သေများ

( ၁ ) ပူးပေါင်းဆောင်ရွက်ရန် သဘောတူညီချက်/ အကျိုးတူပူးပေါင်းဖွဲ့စည်းရန် ရည်ရွယ်သည့်စာ

( ၂ ) စာရင်းစစ်၏ ဘဏ္ဍာရေးဆိုင်ရာရှင်းတမ်းထောက်ခံချက်

( ၃ ) ISO / IEC လက်မှတ်

( ၄ ) SEI/ CMM လက်မှတ်

**နောက်ဆက်တွဲ- Form ပုံစံများ**

ပုံစံ(၁) Covering Letter

(ကုမ္ပဏီခေါင်းစည်း) (ရက်စွဲ)

သို့

တင်ဒါကော်မတီ ( CPFMIS )

ပင်စင်ဦးစီးဌာန

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန

ရုံးအမှတ် (၃၄)၊ နေပြည်တော်၊ မြန်မာ

ဖုန်း- ၀၆၇-၄၄၆၄၁၀၆၆၉၊ ၀၆၇-၃၄၁၀၄၁၇

အီးမေးလ်:itsection.pensionmyanmar@gmail.com

အကြောင်းအရာ။ **CPFMIS စီမံကိန်းအတွက် Solution Provider ရွေးချယ်နိုင်ရေးအတွက် စိတ်ဝင်စားမှု အဆိုပြုလွှာတင်သွင်းခြင်း၊**

၁။ အဆိုပြုလွှာတင်သွင်းခြင်းကိစ္စနှင့်စပ်လျဉ်း၍ မိမိတို့အနေဖြင့် CPFMIS စီမံကိန်းအတွက် Service Provider ရွေးချယ်အဖြစ် လျှောက်ထားရာတွင် လိုအပ်သည့် စိတ်ဝင်းစားမှုဖော်ပြချက် အဆိုပြုလွှာ (EOI) နှင့် အကြိုအရည်အချင်းပြည့်မီမှုလျှောက်လွှာ (Pre-qualification Requirement Applica tion) တင်ပြလိုခြင်း ဖြစ်ပါသည်။

၂။ လိုအပ်သည့် စိတ်ဝင်းစားမှုဖော်ပြချက် အဆိုပြုလွှာ (EOI) နှင့်အတူ ကျွန်ုပ်တို့၏ အရည်အချင်း သတ်မှတ်လျှောက်လွှာများကို ပူးတွဲတင်ပြအပ်ပါသည်။

၃။ အဆိုပြုခဲ့သော စီမံကိန်းအဖွဲ့၏ကိုယ်ရေးအကျဉ်းကို ပြီးပြည့်စုံသော စီမံကိန်းအဖွဲ့ ဖွဲ့စည်းပုံနှင့် အတူ တင်ပြထားပါသည်။

| | |
|---|---|
| အရင်းအမြစ်အမည် | |
| အဆိုတင်သွင်းမှု အခန်းကဏ္ဍ | |
| စုစုပေါင်းလုပ်သက်နှစ် | |
| သက်ဆိုင်ရာလုပ်ငန်း၏လုပ်သက် | |
| ပညာအရည်အချင်း | |
| အသိအမှတ်ပြုလက်မှတ် | |
| မြန်မာနိုင်ငံအတွင်းမှ လုပ်ငန်းအတွေ့အကြုံ | |
| သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ | အဖွဲ့အစည်းအမည်- |
| | အခန်းကဏ္ဍနှင့်လုပ်ငန်းဖော်ပြချက်- |

| (တာဝန်ယူခဲ့သော အဖွဲ့တစ်ခုချင်းစီအတွက် သီးခြား Row တစ်ခုစီယူ၍ ဖော်ပြပါရန်) | ရာထူးသက်တမ်း– |
|---|---|
| | Ref– အမည်၊<br>ဆက်သွယ်ရန် အသေးစိတ်နှင့်ရာထူး – |

၄။ တင်ဒါကော်မတီ(CPFMIS)သို့ ပေးပို့ရမည့် အချက်အလက်များဖြစ်သော ပစ္စည်းများ၊ စာရွက်စာတမ်းများနှင့် ဆက်စပ်သည့်အပိုင်းများတွင် မှန်ကန်တိကျပြီးပြည့်စုံကြောင်း အတည်ပြုထားပြီးဖြစ်ပါသည်။ အဆိုပါတင်ပြချက်တွင်ပါဝင်သည့် အချက်အလက်များသည် ဦးစီးဌာန၏ ရွေးချယ်ခြင်းလုပ်ငန်းစဉ်တစ်ခုလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို အထင်အမြင် လွဲမှားစေမှုမရှိပါကြောင်း မိမိတို့အနေဖြင့် အာမခံပါသည်။

၅။ မိမိတို့အနေဖြင့် ဖော်ပြချက်များအပေါ် နားလည်သဘောတူပြီး ဖြစ်ပါသည်။ အကယ်၍ မိမိတို့၏ ဖော်ပြချက်များတွင် ပါဝင်သောအချက်အလက်များသည် ဦးစီးဌာန၏ ရွေးချယ်ခြင်းလုပ်ငန်းစဉ်ကို လွဲချော်စေခဲ့မိပါက မိမိတို့သည် ရွေးချယ်ခြင်းလုပ်ငန်းစဉ်မှ နှုတ်ထွက်ခြင်း သို့မဟုတ် စာချုပ်ကို ရပ်ဆိုင်းခြင်းတို့ကို ပြုလုပ်ခြင်းတို့အတွက် တာဝန်ရှိကြောင်း နားလည်သဘောပေါက်ပါသည်။

၆။ မိမိတို့သည် ဤ EOI အဆိုပြုလွှာတွင် ဖော်ပြထားသည့် သတ်မှတ်ချက်နှင့် စည်းကမ်းချက်များ အားလုံးကို ခြွင်းချက်မရှိ လက်ခံရန် သဘောတူပါသည်။

၇။ မိမိ(တို့)သည် မိမိတို့၏ ကုမ္ပဏီ/ စီးပွားရေးလုပ်ငန်း/ အဖွဲ့အစည်း ကိုယ်စားလုပ်ပိုင်ခွင့်ရှိပြီး ချိတ်ဆက်ဆောင်ရွက်မှုအတွက် လိုအပ်သော အခြားစာရွက်စာတမ်းများနှင့်အတူ ဤစာချုပ်တွင် လက်မှတ်ရေးထိုးရန် အခွင့်အာဏာရှိကြောင်း အတည်ပြုအပ်ပါသည်။

ရက်စွဲ ။ ။၂၀၂၁ခုနှစ်၊ လ၊ ရက်

လက်မှတ်–

အမည်–

ရာထူး–

Tender ဆောင်ရွက်မှုအတွက် လက်မှတ်ရေးထိုးပိုင်ခွင့်ရှိသူနှင့် ၎င်း၏ ကိုယ်စားလက်မှတ်ရေးထိုးခွင့်ရှိသူ

အမည်နှင့် ကုမ္ပဏီလိပ်စာ– ထောက်ခံသူ၏တံဆိပ်တုံး

အသိသက်သေလက်မှတ်–

အသိသက်သေအမည်-

နေရပ်လိပ်စာ-

တာဝန်ရှိပုဂ္ဂိုလ်မှ ဝန်ခံကတိပြုလွှာလက်မှတ်ရေးထိုးခြင်း

ကျွန်တော်/ကျွန်မ --------------၊ ----------------- ကုမ္ပဏီ၏ အတွင်းရေးမှူးအနေဖြင့် ---------------သည် ဖော်ပြပါတင်ဒါကိစ္စနှင့်စပ်လျဉ်း၍ လက်မှတ်ရေးထိုးပိုင်ခွင့်ရှိပြီး ကုမ္ပဏီ ဘုတ်အဖွဲ့၏ အာဏာလွှဲအပ်ခြင်းခံရသူဖြစ်ကြောင်း အတည်ပြု ထောက်ခံအပ်ပါသည်။

ကုမ္ပဏီတံဆိပ်တုံး

ရက်စွဲ

လက်မှတ်

အမည်

၂။ ပုံစံ(၂) အဖွဲ့အစည်း၏ ယေဘုယျ အသေးစိတ်အချက်အလက်

**စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်း**

| **အဖွဲ့အစည်း၏အကြောင်းအရာအသေးစိတ်** | |
|---|---|
| အဖွဲ့အစည်း၏အမည် | |
| မြန်မာနိုင်ငံတွင်တရားဝင်အဖွဲ့အစည်းဖြစ်ကြောင်း | |
| တရားဝင်အဖွဲ့အစည်းဖြစ်ကြောင်းအသေးစိတ် ကိုးကားချက် | |
| မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းအခြေအနေ | |
| မှတ်ပုံတင်သည့်နေ့စွဲ | |
| လုပ်ငန်းစတင်သည့်နေ့စွဲ | |
| ရုံးချုပ်၏လိပ်စာအပြည့်အစုံ | |
| မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားသော ရုံးချုပ်၏ လိပ်စာ | |
| အခြားသက်ဆိုင်ရာအချက်အလက်များ | |
| မဖြစ်မနေထည့်သွင်းရမည့်စာရွက်စာတမ်းများ–<br>(က) ကုမ္ပဏီအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားသော လက်မှတ်(ROC)<br>(ခ) ကုမ္ပဏီ၏လုပ်ငန်းသဘောသဘာဝကို ညွှန်ပြနိုင်ရန် Stock Exchange များကို File တွဲပေးခြင်း သို့မဟုတ် ပေါင်းစပ်လုပ်ကိုင်မှုသဝဏ်လွှာ၏ သင့်လျော်ရာအခန်းများ | |

## အကျိုးတူပူးပေါင်းထားသော အဖွဲ့အစည်း

| **အဖွဲ့အစည်း၏အကြောင်းအရာအသေးစိတ်** | |
|---|---|
| အဖွဲ့အစည်းအမည် | |
| မြန်မာနိုင်ငံတွင်တရားဝင်အဖွဲ့အစည်းဖြစ်ကြောင်း | |
| တရားဝင်အဖွဲ့အစည်းဖြစ်ကြောင်းအသေးစိတ်<br>ကိုးကားချက် | |
| မြန်မာနိုင်ငံရှိစီးပွားရေးလုပ်ငန်းအခြေအနေ | |
| မှတ်ပုံတင်သည့်နေ့စွဲ | |
| လုပ်ငန်းစတင်သည့်နေ့စွဲ | |
| ရုံးချုပ်၏လိပ်စာအပြည့်အစုံ | |
| မြန်မာနိုင်ငံတွင်မှတ်ပုံတင်ထားသောရုံးချုပ်၏<br>လိပ်စာ | |
| အခြားသက်ဆိုင်ရာအချက်အလက်များ | |
| မဖြစ်မနေထည့်သွင်းရမည့်စာရွက်စာတမ်းများ–<br>(က) ကုမ္ပဏီအဖွဲ့အစည်းအဖြစ် မှတ်ပုံတင်ထားသော လက်မှတ်(ROC)<br>( ခ ) ကုမ္ပဏီ၏လုပ်ငန်းသဘောသဘာဝကို ညွှန်ပြနိုင်ရန် Stock Exchange များကို File တွဲပေးခြင်း သို့မဟုတ် ပေါင်းစပ်လုပ်ကိုင်မှုသဝဏ်လွှာ၏ သင့်လျော်ရာအခန်းများ | |

၃။ ပုံစံ(၃) အဖွဲ့အစည်း၏ ဘဏ္ဍာရေးဆိုင်ရာ အသေးစိတ်အချက်အလက်များ

**စိတ်ပါဝင်စားသော Solution Provider အဖွဲ့အစည်း**

| **ဘဏ္ဍာရေးရှင်းတမ်း** | | | |
|---|---|---|---|
| | ဘဏ္ဍာရေးနှစ် (၁) | ဘဏ္ဍာရေးနှစ် (၂) | ဘဏ္ဍာရေးနှစ် (၃) |
| ဝင်ငွေ (US $ (သို့) တူညီသောပမာဏ) | | | |
| အခွန်မဆောင်မီရရှိသောအကျိုးအမြတ် (US $ (သို့) တူညီသောပမာဏ) | | | |
| နည်းပညာဝန်ဆောင်မှုမှ ရရှိသော ဝင်ငွေ နှင့် စနစ်တပ်ဆင်ခြင်းဝန်ဆောင်မှုမှ ရရှိသောဝင်ငွေ (US $ (သို့) တူညီသောပမာဏ) | | | |
| အခြားသက်ဆိုင်ရာအချက်အလက်များ | | | |
| မဖြစ်မနေထည့်သွင်းရမည့်စာရွက်စာတမ်းများ-<br>က။ လွန်ခဲ့သော ဘဏ္ဍာရေးနှစ် (၃) နှစ်အတွက် ဘဏ္ဍာရေးအခြေနေနှင့်စပ်လျဉ်းသော စာရင်းစစ်၏အသိမှတ်ပြုလက်မှတ် | | | |

၄။ ပုံစံ(၄) အဖွဲ့ဝင်များ၏ အသေးစိတ်အချက်အလက်

(အဆိုပြုထားသော အဖွဲ့ဝင်တစ်ဦးချင်းစီအတွက် တစ်စောင်စီ ထပ်မံဖြည့်စွက်ပါ။ )

| | | |
|---|---|---|
| အရင်းအမြစ်အမည် | | |
| အဆိုတင်သွင်းမှု အခန်းကဏ္ဍ | | |
| စုစုပေါင်းလုပ်သက်နှစ် | | |
| သက်ဆိုင်ရာလုပ်ငန်း၏လုပ်သက် | | |
| ပညာအရည်အချင်း | | |
| အသိအမှတ်ပြုလက်မှတ် | | |
| မြန်မာနိုင်ငံအတွင်းမှ လုပ်ငန်းအတွေ့အကြုံ | | |
| (သက်ဆိုင်ရာလုပ်ငန်း အတွေ့အကြုံ)<br>သက်ဆိုင်ရာလုပ်ငန်း အတွေ့အကြုံ<br>(တာဝန်ယူခဲ့သော အဖွဲ့တစ်ခုချင်းစီအတွက် သီးခြား Row တစ်ခုစီယူ၍ ဖော်ပြပါရန်) | အဖွဲ့အစည်းအမည်– | |
| | အခန်းကဏ္ဍနှင့်လုပ်ငန်းဖော်ပြချက်– | |
| | လုပ်သက်နှစ် – | |
| | Ref– အမည်၊<br>ဆက်သွယ်ရန်အသေးစိတ်နှင့်ရာထူး – | |